

# ရာစိမြွှာနတ်တဝိုး
# ပိုးစုန်းကြူး

မြသန်းတင့်



mgyoe.com SAMPLE BOOK




9 248480 505306

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နစ်ကာလများ
တအုပ်အစီအစဉ် ၅၇၂

# ပိုးစုန်းကြူး

## မြသန်းတင့်

## FIREFLIES

RABINDRANATH TAGORE

နစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃၊ ၀၉ ၂၅ ၄၈၄၈ ၀၄၈
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ပိုးစုန်းကြူး

မြသန်းတင့်

တတိယအကြိမ်၊ စက်တင်ဘာ၊ ၂၀၂၄။ (နှစ်ကာလများစာပေ)

ဒုတိယအကြိမ်၊ဇန်နဝါရီ၊ ၂၀၁၅။ ( တပေါင်းတည်းပုံနှိပ်၊ပိတောက်ရနံ့စာပေ)

ပထမအကြိမ်၊ စက်တင်ဘာ၊ ၁၉၉၃။ (ဂုဏ်ထူးစာပေ)

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မှတ်သုံ၊ စိုးမင်းအောင်။ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

၁။

ငါ့စိတ်ကူးများသည် ပိုးစုန်းကြူး
အမှောင်ထဲတွင် တလက်လက် ပြိုးပြက်နေသည့်
အသက်ဝင်နေသော အလင်းရောင်၏
အစက်အပြောက်ကလေးများသာ ဖြစ်ပါ၏။

၂။

အမှတ်တမဲ့ မျက်လုံးအကြည့်ကို ဆွဲဆောင်ခြင်း မပြုနိုင်သည့်
လမ်းဘေးမှ အလေ့ကျ ပန်းကလေးများ၏ အသံသည်
ဤစာကြောင်းများထဲတွင် ညည်းတွားလျက် ရှိသတည်း။

၃။

စိတ်၏ ငိုက်မျဉ်းဖွယ် မည်းမှောင်သော လိုဏ်ဂူများထဲ၌
အိပ်မက်တို့သည် နေ့ခင်းတည်းဟူသော လှည်းတန်းကြီးမှ
ကျကျန်ခဲ့သည့် အပိုင်းအစကလေးများဖြင့်
သူတို့၏ သိုက်မြုံကို ဆောက်လုပ်ကြသည် တကား။

၄။

နွေဦးသည်
အနာဂတ်တွင် အသီး သီးစေရန် မဟုတ်ဘဲ
ပစ္စုပ္ပန်တွင် အပျင်းပြေရန်အတွက်
ပန်းဝတ်လွှာများကို ကြဲချခဲ့သည်တကား။

mgyoe.com

mgyoe.com SAMPLE BOOK

၅။
မြေကြီး၏ အိပ်ပျော်နေသော
အနှောင်အဖွဲ့မှ လွတ်မြောက်လာပြီးနောက်
ပျော်ရွှင်မှုသည် ရေတွက်ခြင်းငှာ မစွမ်းသော
သစ်ရွက်များထဲသို့ အတင်း တိုးဝှေ့ဝင်လာကာ
လေထဲတွင် တစ်နေ့တာ ကခုန်နေလေသည်။

၆။
ငါ၏ ကျမ်းများသည် လေးလံသော ဝန်ထုပ်ကြောင့်
နစ်မြုပ်သွားမည် ဖြစ်သော်လည်း
ပေါ့ပါးသော ငါ့စကားလုံးများကား
ကာလ လှိုင်းလုံးပေါ်တွင် ပျော်ရွှင်စွာ ကခုန်နေကြလိမ့်မည်။

၇။
စိတ်၏ မြေတွင်းအောင်းသည့် ပိုးဖလံတို့သည်
ပါးလွှာသော အတောင်များ ပေါက်လာပြီးနောက်
ဆည်းဆာ ကောင်းကင်ထဲတွင်
နှုတ်ဆက် ပျံသန်းသွားကြတော့မည်။

၈။
လိပ်ပြာသည်
နှစ်လများကို ရေတွက်ခြင်း မပြု။
ခဏငယ်များကိုသာ ရေတွက်ခြင်း ပြု၏။
သို့တိုင် သူ့တွင်
အချိန်များစွာ ရှိပေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

၉။
မိုးပွားများကဲ့သို့
ငါ၏ အတွေးများသည် အတောင်တပ်ထားသော
စိတ်ကူးပေါ်တွင် စီးနင်း လိုက်ပါသွားကြကာ
ရယ်သံတစ်ခုကို ယူဆောင်သွားကြ၏။

၁၀။
သစ်ပင်များသည်
သူတို့၏ လှပသော အရိပ်များကို

အချစ်ဖြင့် ငေးကြည့်ကြ၏။
သို့တိုင် ထိုအရိပ်ကို ဖမ်းမမိနိုင်တကား။

၁၁။
နေခြည်ကဲ့သို့
ငါ့အချစ်သည် သင့်ကို ဝန်းရံစေသတည်း။
သို့တိုင် သင့်အား
တောက်ပ ထိန်လင်းသော
လွတ်လပ်မှုကို ပေးစေသတည်း။

၁၂။
နေ့များသည်
အတိုင်းအဆမရှိ နက်ရှိုင်းသော
ည၏ မျက်နှာပြင်တွင် မျောနေကြသည့်
ရောင်စုံ ပူဖောင်းကလေးများသာ ဖြစ်ကြပေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၁၃။
ငါ့ပူဇော်မှုသည်
သင် အောက်မေ့သတိရရန် မစွမ်းနိုင်ပါ။
ထို့ကြောင့် ငါ့ ပူဇော်မှုအပေါင်းကို
သင် အောက်မေ့သတိရစေသတည်း။

၁၄။
သင့်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေလျှင်
လက်ဆောင်ထုပ်ပေါ်မှ ငါ့အမည်ကို ဖျက်လိုက်ပါတော့။
သို့ရာတွင် ငါ့တေးအလင်္ကာကိုမူ
သတိရပါလေ။

၁၅။
ကလေးငယ် တစ်ယောက်ကဲ့သို့
တန်ခူးလသည် မြေပေါ်တွင်
ပန်းပွင့်များဖြင့် အရုပ်ရေး ကစားပြီးနောက်
ဖျက်ပစ်ကာ မေ့ပျောက်ပစ်လိုက်သည်တကား။

၁၆။
ဘိက္ခုနီမ ဖြစ်သော မှတ်ဉာဏ်သည်
ပစ္စုပ္ပန်ကို သတ်ပြီးနောက်
မိမိပစ္စုပ္ပန်၏ နှလုံးသားအား
သေလွန်လေပြီးသော အတိတ်၏ပလ္လင်တွင်
ယဇ်ပူဇော်ခဲ့သည်တကား။

mgyoe.com

mgyoe.com SAMPLE BOOK


၁၇။

ကလေးတို့သည်
ရိပ်ငြိမ် လေးနက်သည့် ဝတ်ကျောင်းမှ ပြေးထွက်လာကာ
ဖုန်တောထဲတွင် ကစားကြ၏။
ဘုရားသခင်သည် သူတို့ကစားသည်ကို ငေးကြည့်ကာ
ရဟန်းကို မေ့လျော့သွားလေပြီ။

၁၈။

စမ်းရေသည်
နောက်ထပ် ပြန်မမြည်တော့သော
ရေစီးသံ လွင်လွင်ကို ထုတ်လွှင့်သကဲ့သို့
ငါ့စိတ်သည်လည်း
အတွေးရေလျှဉ်ပေါ်တွင်
ပြိုးပြက်လက်သော အရောင်ကို လွှတ်၏။

၁၉။

တောင်ကြား၌
တိတ်ဆိတ် ငြိမ်သက်ခြင်းသည်
မိမိ၏ အမြင့်ကို တိုင်းထွာရန်အတွက်
အမြင့်ကို တက်၏။
ရေကန်၌
လှုပ်ရှားမှုသည်
မိမိ၏ အနက်ကို တိုင်းထွာရန်အတွက်
မလှုပ်မယှက် ရပ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀။
မနက်ခင်း၏ မှိတ်ထားသော မျက်လုံးကို နမ်း၍
ထွက်ခွာသွားသော ည၏ အနမ်းသည်
အရုဏ်ဦး ကြယ်ထဲတွင် ပြိုးပြက်လျက်ရှိသည်တကား။

၂၁။
အို မိန်းမငယ်
သင်၏ အလှသည် မှည့်ချိန် မရောက်သေးသည့်
သစ်သီးတစ်လုံးနှင့် တူ၏။
ဖွင့်လှစ်မပြသေးသော လျှို့ဝှက်ချက်ဖြင့်
တင်းမာနေချေသည်တကား။

၂၂။
မှတ်ဉာဏ် ပျက်သွားသော သောကသည်
ညငှက်တို့ တေးမဆိုဘဲ ပုရစ်တစ်ကောင် မြည်နေသည့်
တိတ်ဆိတ်သော အမှောင်ညနှင့် တူလှချေ၏။

၂၃။
တစ်ယူသန်ခြင်းသည်
အမှန်တရားကို လက်ထဲတွင်
အတင်း ဖျစ်ညှစ် ဆုပ်ကိုင်ထားခြင်းဖြင့်
ပျက်စီးခြင်းသို့ ရောက်စေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


စိုးရွံ့နေသော မီးအိမ်တစ်လုံးကို အားပေးလိုသည့်အတွက်
ညမင်းသည် သူ၏ ကြယ်ပွင့်များ အားလုံးကို
ထွန်းညှိလိုက်သည် တကား။

၂၄။
ကောင်းကင်သည် မြေသတို့သမီးငယ်ကို
လယ်ထဲတွင် ပွေ့ပိုက်ထားသော်လည်း
ဝေးမြဲ ဝေးလျက်သာ။

၂၅။
ဘုရားသခင်သည် အဖော်ကို ရှာ၍
မေတ္တာကိုသာ တောင်းဆို၏။
သေမင်းကား ကျေးကျွန်ကို ရှာ၍
ကျိုးနွံနာခံမှုကို တောင်းဆို၏။

၂၆။
မြေကြီးသည်
သူ ကျွေးခဲ့ရသည့် ကျေးဇူးကြောင့်
သစ်ပင်ကို သူနှင့်မကွာ ချည်နှောင်ထား၏။
ကောင်းကင်ကား ဘာကိုမျှ တောင်းဆိုခြင်း မရှိ။
သစ်ပင်ကို လွတ်လပ်ခွင့် ပေးထား၏။

၂၇။
ကျောက်သံပတ္တမြားကဲ့သို့ပင်
အမတ တရားသည်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ပရိစ္ဆေဒ ကြာညောင်းခြင်းအတွက်
ကြွားဝါခြင်း မရှိ။
ကျောက်သံပတ္တမြားမှ အကွက်ငယ်ကဲ့သို့
ခဏငယ်အတွက်သာ
ကြွားဝါခြင်း ပြု၏။

၂၈။
ရာဇဝင်၏ ဖုန်မှုန့်တို့ ကပ်ငြိခြင်း မရှိသော
အတိုင်းအဆမရှိသည့် အချိန်ကာလ၏
လှို့ဝှက်ချက်အတွင်း၌
ကလေးငယ်သည် အစဉ်အမြဲ နေထိုင်ခြင်း ပြု၏။

၂၉။
ဖန်ဆင်းခြင်းတရား၏ အဆင့်များရှိ
ချိုလွင်သော ရယ်မောသံသည်
ဖန်ဆင်းခြင်းတရားကို
အချိန်ကာလထဲတွင် ဖြတ်သန်း သယ်ဆောင်သွား၏။

၃၀။
အဝေးတွင်ရှိသော သူသည်
မနက်ခင်းတွင် ငါ့အနီးသို့ ရောက်လာပြီး
ညက သယ်ဆောင်သွားသည့်အခါတွင်
ငါနှင့် ပို၍နီးသော အရပ်သို့ ရောက်လာ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


၃၁။
စံကားပွင့် အဖြူနှင့် အစိမ်းတို့သည်
တွေ့ဆုံကြသည့်အခါတွင်
ဘာသာစကား တစ်မျိုးစီဖြင့်
စကားပြော ရယ်မောကြလေ၏။

၃၂။
ငြိမ်းချမ်းခြင်းသည်
သူ၏ ဖုန်မှုန့်များကို လှည်းကျင်း သုတ်သင်လာသည့်အခါတွင်
မုန်တိုင်း ဖြစ်လာ၏။

၃၃။
တောင်ခြေရင်းတွင်
တိတ်ဆိတ်စွာ ရှိနေသည့် ရေကန်သည်
တင်းမာမှု၏ ခြေရင်းတွင်
မျက်ရည်လည်ရွဲဖြင့် အချစ်ကို တောင်းခံနေသည့်
တောင်းခံချက်ဖြစ်၏။

၃၄။
မတည်မြဲသော တိမ်တိုက်
လှည့်ဖြားသော အလင်းရောင်နှင့် အရိပ်များဟူသည့်
ကစားစရာများ ကြားတွင်
နတ်သူငယ်သည် ပြုံးနေချေသည် တကား။

mgyoe.com

mgyoe.com SAMPLE BOOK

၃၅။
'မင်းရဲ့ လျှို့ဝှက်ချက်ဟာ ဘာလဲ' လို့
လေညင်းက ကြာပန်းကို မေးတယ်။
'ကိုယ့် လျှို့ဝှက်ချက်ဟာ ကိုယ်ပဲ၊
ကိုယ့်ကို မိအောင် ဖမ်းတော့' လို့
ကြာပန်းက ဖြေလေတယ်။

၃၆။
မုန်တိုင်းရဲ့ လွတ်လပ်မှုနဲ့
ညှာတံရဲ့ အနှောင်အဖွဲ့ဟာ
အကိုင်းအခက်တွေ လှုပ်ယမ်း ကခုန်နေတဲ့ ကြားမှာ
လက်ချင်း တွဲနေကြလေရဲ့။

၃၇။
စံပယ်ပွင့်က
နေမင်းကြီးကို ပြောတဲ့ အချစ်စကားဟာ
ပန်းပွင့်တွေ ဖြစ်တယ်။

၃၈။
မင်းဆိုး မင်းညစ်တို့သည်
လွတ်လပ်မှုကို သတ်ရန်အတွက်
လွတ်လပ်မှုကို တောင်းဆိုကြ၏။
သို့ရာတွင် သူ့အတွက်မူ
ထို လွတ်လပ်မှုကို သိမ်းဆည်းထားကြလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


၃၉။
မိမိတို့ နတ်ဘုံနတ်နန်းကို
ငြီးငွေ့သည် နတ်ဒေဝတာများသည်
လူသားကို မနာလိုဝန်တို ဖြစ်တတ်ကြ၏။

၄၀။
အချိန်ကာလရဲ့ အိပ်မက်စိတ်ကူးတွေထဲမှာ
တိမ်တိုက်တွေဟာ အငွေ့တောင်တန်းတွေဖြစ်ပြီး
တောင်တန်းတွေကတော့
ကျောက်တုံးတိမ်တိုက်တွေ ဖြစ်နေကြတယ်။

၄၁။
ဘုရားသခင်သည် မိမိ၏ ဗိမာန်ကို
မေတ္တာဖြင့် ဆောက်လုပ်လို၏။
သို့ရာတွင် လူသားသည်
ကျောက်တုံးများကိုသာ
သယ်ဆောင်လာခဲ့သည် တကား။

၄၂။
တောင်ကုန်းတို့သည် မိမိ၏ ရေတံခွန်ဖြင့်
အဝေးတွင်ရှိသော ပင်လယ်ကို ထိသကဲ့သို့
ငါသည်လည်း ငါ့တေးသီချင်းများထဲတွင်
ဘုရားသခင်ကို ထိတွေ့ခြင်း ပြုပေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၄၃။
တိမ်တို့၏ ရုန်းရင်းဆန်ခတ် ဖြစ်မှုထဲတွင်
အလင်းရောင်သည် မိမိ၏အရောင် ရတနာသိုက်ကို
သွားတွေ့ခြင်း ဖြစ်သည်။

၄၄။
ရေစိုစွတ်နေသော သစ်ပင်သည်
မိုးရွာပြီးသောအခါ
နေရောင်တွင် တောက်ပသကဲ့သို့
ယနေ့ ငါ့နှလုံးသားသည်လည်း
အတိတ်ညက မျက်ရည်များထဲတွင်
ပြုံးလျက် ရှိ၏။

၄၅။
ငါ့ဘဝကို အသီးအပွင့် ဝေဆာအောင် လုပ်ခဲ့သည့်
သစ်ပင်ကို ငါ ကျေးဇူးဆိုခဲ့၏။
သို့ရာတွင် ငါ့ဘဝအား စိမ်းစိုအောင် လုပ်ခဲ့သည့်
မြက်ပင်ကိုမူ ငါ ကောင်းစွာ သတိမရခဲ့ချေ။

၄၆။
အပေါင်းအဖော် မရှိသော အထီးကျန် ဘဝသည်
ဟာလာဟင်းလင်း ဖြစ်ခြင်းနှင့် တူ၏။
အပေါင်းအဖော်က အစစ်အမှန်ဖြစ်အောင် လုပ်ပေးလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄၇။
ဘဝ၏ အမှားများသည် သနားကြင်နာတတ်သော
အလှကို တောင့်တကြကုန်၏။
အလှတရားသည် အမှားများကို
အရာအားလုံးနှင့် ပေါင်းစည်းပေးကာ

ညီညွတ်သည့် ဂီတသံတစ်ခု ဖြစ်လာစေရန်
အသံညှိပေးခြင်း ပြုလေသည်။

၄၈။
သူတို့သည် ပျက်စီးသွားသည့် အသိုက်အမြုံကို
ကျေးဇူးတင်ကြ၏။ အကြောင်းမူ
သူတို့၏ လှောင်အိမ်သည် လှပ လုံခြုံသောကြောင့်တည်း။

၄၉။
သင် တည်ရှိနေခြင်းအတွက်
အဆုံးမရှိသော ကြွေးမြီကို အချစ်ဖြင့် ငါ ဆပ်ပါ၏။

၅၀။
ရေကန်သည် အနက်အရှိုင်းထဲမှ နေ၍
သူ၏ တေးသီချင်းတို့ကို
ကြာပန်းများဖြင့် သီဆိုခြင်း ပြု၏။
ကောင်းလေစွ ဟု နေမင်းက ဆို၏။

mgyoe.com

mgyoe.com
SAMPLE BOOK


၅၁။
ကြီးမြတ်သူအား ကဲ့ရဲ့စကား ဆိုခြင်းသည် မကောင်း။
သို့ဆိုခြင်းသည် သင့်ကို ထိခိုက်စေ၏။
နိမ့်ကျသူကို ကဲ့ရဲ့ခြင်းသည် ယုတ်ညံ့၏။
သို့ ဆိုခြင်းသည် ခံရသူကို ထိခိုက်စေ၏။

၅၂။
ဤကမ္ဘာမြေကြီးပေါ်တွင်
ပထမဆုံး ဖူးပွင့်လာသည့် ပန်းပွင့်သည်
မမွေးသေးသော တေးတစ်ပုဒ်ကို
ဖိတ်ကြားလိုက်ခြင်း ဖြစ်၏။

၅၃။
ရောင်မျိုးစုံခြယ်သည့် ပန်းနှင့်တူသော
အရဏ်သည် မှေးမှိန်သွား၏။ ညှိုးနွမ်းသွား၏။
ထိုအခါ နေမင်း တည်းဟူသော
သစ်သီးကြီး သီးလာလေသည်။

၅၄။
မိမိ၏ အဆင်ခြင်ဉာဏ်ကို
သံသယရှိသည့် ကြွက်သားသည်
ငိုအံ့ဆဲဆဲ အသံကို ဆို့နစ်စေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


၅၅။
လေမုန်တိုင်းဖြင့်
မီးတောက်ကို ဖမ်းရန် ကြိုးစားသော လေသည်
ထိုမီးကို ငြိမ်းပစ်ရာ ရောက်ပေ၏။

၅၆။
ဘဝ၏ ကစားဝိုင်းသည် မြန်လှ၏။
ဘဝ၏ ကစားစရာများသည်
တစ်ခုပြီးတစ်ခု ကျန်ရစ်ခဲ့ကာ
မကြာခင် မေ့ပျောက်သွားကြပေ၏။

၅၇။
အို ပန်းပွင့်
သူရူးအကျႌ၏ ကြယ်သီးပေါက်တွင်
သင့်နိဗ္ဗာန်ဘုံကို မရှာလေနှင့်။

၅၈။
ငါ့ ဆန်းစသော်တာ
သင့်အတွက် နောက်ကျလှချည့်။
သို့ရာတွင် ငါ့ညငှက်ယော်သည်
သင့်ကို နှုတ်ဆက်ရန် စောင့်လျက်ရှိသည် တကား။

mgyoe.com